# ကမ္ဘာတစ်လွှားမှ ကံကောင်းစေမည့်

## အဆောင်များနှင့် အစီအရင်များ

ဟိန်းလတ်



ကံကောင်းခြင်းစာအုပ်

# ကံပွင့် ယတြာများ

## အမှာ စာ

ဘဝဆိုသည် မှာ စီးဆင်းနေသော မြစ်တစ်စင်းကဲ့သို့ပင်တည်း။ ကံကြမ္မာစက်ဝန်းလည်ပတ်သည့် အတိုင်း လူသားတို့ သည် ကံကောင်းမှု မကောင်းမှု လောကဓံတို့ ကို ခါးစည်းခံကြရသည် ။

ဤစာအုပ်လေးသည် ကံကောင်းခြင်းဆိုင်ရာ အကျိုးအကြောင်းတရားများကို ဖော်ပြထားပေသည် ။ အခြားသော စီးပွားရေးကျမ်း၊ တက်ကျမ်းများကဲ့သို့ လေးလေးပင်ပင်နှင့် ဖတ်ချိန်တွင် စာဖတ်သူတို့ အီမသွားရ လေအောင် ပုံပြင်ပြောပြ နေသကဲ့သို့ ဖတ်၍ ကောင်းအောင် ရေးထားပါသည် ။ စီးပွားရေးနယ်ပယ်တွင် သာမက ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ မေတ္တာရေးနယ်ပယ်များ ပါ မကျန် နယ်ပယ်ပေါင်းစုံတွင် စာဖတ်သူတို့ ကိုယ်တိုင် လက်တွေ့ အသုံးချပြီး ကံကောင်းခြင်းများ လက်ဝယ်ပိုင်ဆိုင်နိုင်မည့် နည်းလမ်းများကို ပါ ဖော်ထုတ်ပေးပါသည် ။

ကံကောင်းခြင်းကို ဖန်တီးခြင်းသည် အခြေနေများကို ဖန်တီးခြင်းဖြစ်ရာ အခြေနေ အခွင့်လမ်းကောင်း များကို ပိုင်နိုင်စွာ အသုံးချရင်း ဘဝတွင် တိုးတက်စေရန် ဆန္ဒပြုလိုက်ပါသည် ။

**စီစဉ်သူ**

******

ကံကောင်းအောင် လုပ်နည်းများ

၁။ အပင်ပေါ်မှ ကြွေကျသော သစ်ရွက်ကို
လိုက်ဖမ်းပြီး ဆောင်ထားပါ။
၂။ လဆန်း၈၊ ညတွင် ငွေဒင်္ဂါးတစ်ပြားကို လက်မှာ
ကိုင်ထားရင်း လကို ကြည့်ပါ။ ပြီးလျှင် ထိုငွေဒင်္ဂါး
ကို အဆောင်အဖြစ် သိမ်းထားပါ။
၃။ ကော်ဖီ သို့မဟုတ် လက်ဖက်ရည်ခွက်ထဲမှ
အမြှုပ်စည်ပေါင်းတစ်ခုကို ဇွန်းနှင့် ခပ်ပြီး၊
စည်ပေါင်း မကွဲမီ အမြန်သောက်လိုက်ပါ။
၄။ မြေဖြူကို တံတွေးနှင့် ထွေးပါ။
၅။ ကြိုးတစ်ချောင်းကို စက်ဝိုင်းပုံချည်ပြီး
ပိုက်ဆံအိတ်ထဲ ထည့်ထားပါ။
၆။ ခြေထောက်နှစ်ဖက် ချိတ်၍ ထိုင်ပါ။

******

ကျွန်ုပ်အတွက် ဖြစ်ပျက်ခဲ့သမျှ အရာရာသည် မှားယွင်းမှုကြောင့်သာ ဖြစ်ခြင်း ဖြစ်၏။ ကျွန်ုပ်က ကံကြမ္မာကို မယုံပါ၊ ဖြစ်ပျက်သမျှ ဟူဟူသမျှသည် ကံကောင်းခြင်း၊ အချိန်ကိုက်ခြင်းနှင့် မတော်တဆ

ဖြစ်ခြင်း တို့ သာတည်း။

**မာ့ဖ်ဂရစ်ဖင်**

သမိုင်းဟူသည် အခွင့်အလမ်းကြောင့် ဖြစ်သည် ဟု ကျွန်ုပ် အခိုင်အမာ ယုံကြည်၏။ အဆင့်ဆင့် ပြောင်း လဲ တိုးတက်မှု ဖြစ်စဉ်ကဲ့သို့ပင် ဖြစ်၏။ အတော်ဆုံးသူများ သာ ရှင်သန်ခြင်း မဟုတ်။ ကံအကောင်းဆုံးသူများ သာ ရှင်သန်ခြင်း ဖြစ်၏။

**စတီဗင်အပ်ဘရို(စ်)**
**သမိုင်းပညာရှင်**

******

## ဒါရုမာ အရုပ်

ဂျပန်နိုင်ငံတွင် ကံကောင်းသော အဆောင်ရုပ်မှာ ဒါရုမာပစ်တိုင်းထောင် အရုပ်ပင် ဖြစ်၏။ အေဒီ ၆ ရာစု ခေတ်က ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါး၏ ဘွဲ့အမည် ဒါရုမာကို အစွဲပြု ခေါ်ဆိုခြင်း ဖြစ်၏။ ထို ရဟန်း သည် တရားရှုမှတ်နေရင်း၊ သူ၏ လက်ဖျားနှင့် ခြေဖျားများ ပျောက်ကွယ်သွားသည် ဆို၏။ ထိုမှ စ၍ ၎င်းပုံကို အရုပ် လုပ်ကြ၏။ အရုပ်မှာ ကြက်ဥပုံဖြစ်လို့ ဝိုင်းဝိုင်းဖြစ်သည် ။ ခြေနှင့် လက် မပါ။ ၎င်းကို ပစ်လိုက်လျှင် ပြန်ထောင်၏။ မည်သည့် အခါပင်မဆို ပြန်ထောင်နေတတ်၏။ ဤသည် ကိုပင် ကံကောင်းခြင်းနှင့် အောင်မြင် ခြင်း သင်္ကေတ ဖြစ်သည် ဟု

ယူဆကြ၏။

ဒါရုမာရုပ်ကို ဝယ်လိုက်လျှင် ထိုအရုပ်တွင် မျက်လုံးသာပါပြီး မျက်လုံးသူငယ်အိမ်မပါ။ လုပ်ငန်းတစ်ခု ခု အစပျိုး လုပ်ကိုင်တော့မည်ဆိုမှ ဒါရုမာ၏ မျက်လုံးတစ်လုံးတွင် သူငယ်အိမ်ကို ဆေးခြယ်ထည့်သွင်းပြီး လို သော ဆုတောင်းရ၏။ ထိုဆုပြည့်ဝသောအခါကျမှ နောက်ထပ် ကျန်မျက်လုံးတွင် သူငယ်အိမ်ကို ထည့်ကာ ကျေးဇူးတင်ကြောင်း ပြသရ၏။

******

## တင်းနစ်သမား၏ ကံကောင်းစေသော အဆောင်များ

ဘောရစ်ဘက်ကာသည် ယခင်အနိုင်ပွဲတွင် ဝတ်ခဲ့သော အင်္ကျီကိုပင် နောက်တစ်ပွဲတွင် ဆက်ဝတ် တတ်၏။

ဂျွန်မက်စင်ရိုးသည် ကစားနေစဉ် မျဉ်းဖြူကို မည်သည့် အခါမှ မနင်း။ သူက ကြာသပတေးနေ့လည်း ဖြစ်၊ (၁၂) ရက်လည်း ဖြစ်သောနေ့ကို ရှောင်တတ်၏။

ဗျန်ဘော့ဂ်သည် ကစားပွဲမတိုင်မီ လေးရက်အလိုမှ စ၍ မုတ်ဆိတ်ကျင်စွယ် မရိတ်။ သူ၏ တင်းနစ် ရိုက်တံ ဆယ်ချောင်းကို ယူပြီး အိတ်တစ်လုံးထဲ ထည့်ကာ ချောင်ထိုးတတ်၏။ သူ့မိခင် မာဂါရက်က သူ့သား ဗိုလ်လုပွဲကစားနေစဉ် တစ်လျှောက်လုံး သကြားလုံး အပြတ်ငုံထားတတ်၏။

ဘီလီရှင်းကင်းသည် ဝင်ဘယ်တန်ပြိုင်ပွဲ ကစားတိုင်း သူချိုးနေကြ ရေစည်ပိုင်းဖြင့်သာ ရေချိုး တတ် ၏။

မာတီနာ နာဗရာတီလိုဒါသည် မကစားမီ တင်းနစ်ရိုက်တံကို လက်ဖြင့် ခေါက်တတ်၏။

မာရီပီးယားစ်သည် နံပါတ် (၁၃) ကို အလွန်ကြိုက်သည် ။ အမျိုးသား တံခွန်စိုက်ပြိုင်ပွဲတွင် ထိပ်ဆုံး ဆင့် ချန်ပီယံကို ကွင်းအမှတ် (၁၃) တွင် သူ အနိုင်ရခဲ့၏။

******

ဟုတ်ကဲ့။ ကျွန်မကတော့ ကံကောင်းခြင်းနှင့် ကံကြမ္မာကို ယုံတယ်။ အရာရာက ကျွန်မအတွက်ပဲ စီမံသလို ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်မလည်း ကံအကြောင်းတရားအတိုင်းပဲ အလိုက်သင့်နေလိုက်တာ ခုထိ အဆင်ကိုပြေလို့ ။

**တာရီဂါး**

******

**ထီပေါက်စေတဲ့ ဝက်**

မိုက်ရိုက်သည် မီနီဆိုတာပြည်နယ်မှ လယ်သမားတစ်ဦး ဖြစ်၏။ ဝက်အကောင် ၂၀၀၀ ကျော် သူမွေး ထားသည် ။ ၁၉၉၆ ခုနှစ်၏ နွေဦးပေါက် ရာသီတစ်ရက်တွင် သူသည် ဝက်များကို လိုက်ကြည့်နေစဉ်၊ ဝက် တစ်ကောင်က သူ၏ ဘောင်းဘီနောက်ဘက်အိတ်မှ ပိုက်ဆံအိတ်ကို ဆွဲ၍ ယူသွားသည် ကို တွေ့ရ၏။

ဤကဲ့သို့ ဖြစ်ရပ်ကို 'မိုက်' တစ်ခါမှ မတွေ့ဖူးခဲ့။ ထို ဝက်က ပိုက်ဆံကို ပါးစပ်တွင် ကိုက်ကာ ပျော်မြူး တူး ပျော်ပါး ပြေးလွှားနေသည် ။ ထို ဝက်ကို အတော်ကြိုးစားပြီး ဖမ်းရသည် ။ ဝက်ပါးစပ်မှ ပိုက်ဆံအိတ်ကို ပြန် ယူ၏။ ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံအချို့နှင့် ထီလက်မှတ်ရှိသည် ။

မကြာခင် ထီဖွင့်၏။ ဝက်ကိုက်ယူသွားသော ပိုက်ဆံအိတ်ထဲမှ ထီဒေါ်လာတစ်သိန်းဆု ပေါက်၏။ ဝက် ကြောင့် ပေါက်သော ထီဟု သူက ယုံကြည်ကာ သူ့ ဝက်တွေကို အစာကောင်းကောင်း ဝယ်ကျွေးခဲ့၏။

ရှေးဟောင်း အယူအဆတစ်ခုအရ ပင့်ကူမျှင် အိမ်ထဲတွင် မိမိနာမည် အတိုကောက် စာလုံးများ ပေါ် နေပါက သင့်တစ်သက်တာ ကံကောင်းပြီဟု မှတ်လေတော့။

မိမိ၏ မွေးသက္ကရာဇ် စုစုပေါင်းလို့ (၇) နှင့် စား၍ ပြတ်ပါက တစ်သက်တာ ကံကောင်းပြီဟု ဆိုကြ သည် ။ ဥပမာ ၈၊ ၆၊ ၅၆ နေ့ဖွား ဆိုပါတော့ ၈ + ၆ + ၅၆ = ၇၀။ (၇) နှင့် ပြတ်လျှင် ထိုသူ ကံကောင်း၏။

******